# ဇေယာန (ရာမည)

## အောင်မြတ်သာ နှင့်

## မုဆိုးထိုင်စေတီ



"ကိုထွန်း ရှင် မထသေးဘူးလား အချိန်ကိုလည်း ကြည့်ဦး နေကထန်းတစ်ဖျားကျော်နေပြီ"

"အေးပါ ငါထပါပြီ ညက နည်းနည်း သောက်လိုက်မိလို့ မထနိုင် ဖြစ်သွားတာ"

"ရှင့်မလည်း ဒီသောက်တာနဲ့ ပြီးနေတာပဲ နေ့သောက် ညသောက် အလုပ်ဆိုရင် မလုပ်ချင်ဘူး ဟင်းရွက်တွေ ခူးလာတာ လာကူစည်းပေးဦး"

မသိန်းရဲ့ ဗျစ်တောက် ဗျစ်တောက် စကားကိုတွေ မကြားချင်ယောင်ဆောင်ပြီး ကိုထွန်း မျက်နှာ ထသစ်လိုက်တယ်။ မျက်နှာသစ်ပြီးတော့ ခြင်းတောင်းထဲမှာ ထည့်ထားတဲ့ ဟင်းရွက်တွေကို အမျိုးတူရာ စုကာ နီးနဲ့ ထိုင်စည်း နေလိုက်တယ်။

"မသိန်း ဟင်းရွက်တွေက နည်းလှချည်လား"

"နည်းမှာ ပေါ့ ကျုပ်က မိန်းမသားလေ မနက်လင်းချိန်ကျမှ ထသွားရတာ ရှင်က တစ်ဖြုန်စ်ဖြု အိပ်နေပြီး ကူမှ မလုပ်တာ ကျုပ်မလည်း အိမ်အတွက်ပူရ ချက်ရပြုတ်ရ မနက်ကျရင် ဟင်းရွက် ထခူးရနဲ့ အားရတယ်ကို မရှိဘူး ရှင့်ကို ကျွန်မယူထားတာ အားကိုးရမယ်ထင်လို့ ယူထားတာ အခုလိုမှန်းသိရင် မယူခဲ့ပါဘူးတော်"

"ပြောမိတာကိုက ငါမှားတာ ငါလည်း နိုင်သလောက် ကူလုပ်ပေးတာပဲ ဟိုတစ်နေ့ကဆို တောထဲသွား ထင်းရှာပေးတာပဲ ရွာမှာ ကြုံရာ

ကျပန်းဆိုလည်း ဝင်လုပ်တာပဲလေ"

"အမလေး ရှင်လုပ်တာနဲ့ ရှင်သောက်တာ ပြန်စဉ်းစားကြည့်ဦး ရတာက တစ်ပဲခြောက်ပြား ပြန်သောက်ဖို့ ပေးရတာက ပိုများ နေတယ်"

"နားငြီးတယ်ကွာ ပွစိပွစိနဲ့ ဟင်းရွက်တွေ သေချာစည်းဦး"

"ပြောလိုက်ရင် ဒီအတိုင်းပဲ ဟွန့်"

လင်မယား နှစ်ယောက် ဟင်းရွက် စည်းနေရင်း စကားနာ ထိုးနေတာကို မြင်တဲ့ ဘေးအိမ်က ဒေါ်သန်းလှက

"ဟိုလင်မယား စကားများ မနေကြနဲ့ ညနေကျရင် ရွာဦးဆရာတော်က တစ်ရွာလုံး လာခဲ့ဖို့ ခေါ်ထားတယ် မေ့မနေနဲ့ ဦး ဆရာတော်အကြောင်း သိတယ် မဟုတ်လား"

"ဟုတ်သား အရီးလေးရေ ဒီငမူးကို ပြောနေရင်းနဲ့ မေ့တော့မလို့ ညနေ သွားဖြစ်အောင် သွားမယ် အရီးလေး ကိုထွန်း ရှင်လည်း ညနေလိုက်ရမယ် ထန်းတောထဲသွားပြီး မူးမနေနဲ့ ရှင်မလိုက်ရင် ဆရာတော်ကို တိုင်ပြောမှာ "

"အေးပါ မသိန်းရာ ငါ့နားတွေလည်း ပူလှပြီ လုပ်စရာရှိတာ ပြီးအောင်လုပ် ခဏနေ ဟင်းရွက်တွေ လိုက်ပို့ရတော့မယ် လေကြောက ရှည်နေတယ်"

ကိုထွန်းနဲ့ မသိန်းတို့ လင်မယားရဲ့ နိစ္စဓူဝ တေးသံသာတွေကို ကြားနေရတဲ့ ဒေါ်သန်းလှက ပြုံးပြီး အိမ်ထဲ ပြန်ဝင်သွားတယ်။

"ဟဲ့ ကပ္ပိယကြီး ရွာသားတွေ စုံပြီလား"

"တင်ပ့ါဘုရား ငထွန်းတို့ လင်မယား မရောက်သေးဘူး ဘုရား"

"ဒီလောက် သေသေချာချာ မှာ ထားတာတောင် မသန်းလှ နင်သူတို့ ကို မပြောခဲ့ဘူးလား"

"သေချာ ပြောခဲ့ပါတယ် ဘုရား ဒီလင်မယား သေချာ ပြောထားတာ တောင် နောက်ကျနေတယ်"

ထိုစဉ် ကပ္ပိယကြီးက

"အရှင်ဘုရား ဟိုမှာ ရောက် လာပြီ"

ကျောင်းပေါ်ကို ကုပ်ချောင်းချောင်းနဲ့ တက်လာတဲ့ လင်မယားကို မြင်တော့ ဆရာတော်က

"ဟိုလင်မယား ဘာလို့ နောက်ကျနေတာလဲ မြန်မြန် လာကြ"

ကိုထွန်းတို့ လင်မယားလည်း ဆရာတော် အရှေ့ဝင်ထိုင်လိုက်ပြီး ဦးချလိုက်တယ်။

"အခုလိုခေါ်ရတာက တခြားတော့ မဟုတ်ဘူး လပြည့် လကွယ်နေ့ တွေမှာ ဥပုသ်သီလ ယူကြတဲ့ ယောဂီဆောင်က နှစ်တွေ ကြာလာတော့ တဖြည်းဖြည်း ယိုင် လာပြီ ဒါကြောင့် ရွာသူရွာသားတွေ အနေနဲ့ နိုင်သလောက်လေး သစ်ဝါးတွေရှာပေးဖို့ ပြောချင်တယ်"

"တင်ပ့ါ ဘုရား ဒါကတော့ လုပ်ပေးရမှာ ပေ့ါ ရွာသူရွာသားတွေ အားလုံးလည်း သဘောတူကြတယ် မဟုတ်လား"

"တူပါတယ်ဘုရား ကုသိုလ်ရေးပဲဟာ အချိန်ရရင် ရသလို တောထဲ သွားပြီး သစ်ဝါး ရှာပေးပ့ါမယ် ဘုရား"

"အိမ်း ကောင်းလေစွ ကောင်းလေစွ ဒါနဲ့ လက်သမား ကိစ္စကိုတော့ ရွာမှာ အမြဲတမ်း ဆောက်နေကြဖြစ်တဲ့ ဖိုးသာလှတို့ အဖွဲ့ကပဲ တာဝန်

ယူလိုက်ကြ"

"တင်ပ့ါဘုရား တပည့်တော်တို့ အဖွဲ့ တာဝန်ယူပြီး ပြင်ဆောက် ပေးပါမယ် သစ်ဝါးတွေ ရတာနဲ့ လုပ်ငန်း စပ့ါမယ်"

ဆရာတော်ရဲ့ ဩဝါဒကိုနာခံပြီး အိမ်ပြန်ရောက်တော့

"ကိုထွန်း ကျုပ်တို့ ဘဝက မရှိလို့ မလှူ မလှူလို့ မရှိဆိုသလို ဖြစ်နေပြီ ဒီတစ်ခါတော့ ကျုပ်တို့ လုပ်အားနဲ့ ကုသိုလ် ယူကြရအောင် ရှင့်သဘောကရော"

"ကောင်းတာပေ့ါ ကုသိုလ်ရေးပဲဟာ ငါက အရက် နည်းနည်းပါးပါး သောက်တယ်ဆိုပေမဲ့ အသိတရား မခေါင်းပါးသေးပါဘူး"

"ဒါဆိုကျုပ်တို့ သန်ဘက်ခါလောက် တောထဲ သွားရအောင် နိုင်သလောက် ခုတ်ထစ်ပြီး သယ်လာကြရအောင် တော်လဲ ပုဆိန်ကို သွေးထားဦး"

"အေးပါ မိန်းမရယ် ငါ လုပ်ထားလိုက်မယ် လောလောဆယ် ထန်းတောထဲသွားဖို့ ပိုက်ဆံလေး နည်းနည်းလောက်"

"အလုပ်က မလုပ်ရသေးဘူး ပိုက်ဆံက အရင်တောင်းနေတယ် ရော့ရော့ အရမ်းမူးအောင် မသောက်လာနဲ့ ဦး မူးလာရင် တံခါးပိတ်ထားမှာ"

"မသောက်ပါဘူးဟ ထမင်း စားကောင်းရုံလောက်ပဲ"

ပိုက်ဆံ အနည်းငယ် ကိုင်ပြီး အိမ်ပေါ်က ဆင်းသွားတဲ့ ယောကျ်ားဖြစ်သူကို ကြည့်ပြီး မသိန်း သက်ပြင်းတစ်ချက် ချလိုက်တယ်။

ကိုထွန်း ဆိုတာကလည်း အရက်၊ ထန်းရည် သောက်ချင် သောက်မ

ယ် မိန်းမအပေါ် ဆဲတာဆိုတာ ရိုက်နှက်တာ မရှိဘူး ကြုံရာကျပန်း ဝင်လုပ်မယ် ရတဲ့ ပိုက်ဆံ မိန်းမကိုပေးမယ် ပေးတယ်ဆိုပေမဲ့ သူ့အတွက် အရက်ဖိုးတော့ ချန်ထားသေးတာ။ မရှိရင် မိန်းမဆီက တောင်းမယ် ဒါကလည်း ကိုထွန်းတို့ လင်မယားရဲ့ နေ့စဉ်ဖြစ်နေကျ ပုံမှန်အလုပ်တစ်ခု။

"မသိန်း ထတော့ အရုဏ်တက်နေပြီ မသိန်း ထတော့လို့ "

" ရှင်ဒီနေ့ ဝီရိယ တယ်ကောင်းနေပါလား"

"ဘာကြောင့်လဲတော့ မသိဘူး ငါ့စိတ်တွေ တက်ကြွနေတယ် မျက်နှာသစ်ပြီးရင် ထမင်းထုပ် ထုပ်လိုက်ဦး နေမထွက်ခင်သွားမှ လူမပင်ပန်းမှာ ငါအိမ်ရှေ့မှာ စောင့်နေမယ်"

ဝီရိယကောင်းနေတဲ့ ယောက်ျား ဖြစ်သူကိုကြည့်ပြီး မသိန်း တစ်ယောက် အံ့သြနေတယ်။ မသိန်းလည်း အိပ်ရာထ မျက်နှာသစ်ပြီး ထမင်းထုပ် ထုပ်ကာ အိမ်ရှေ့ ထွက်လာတော့ ကိုထွန်းက အသင့်ဖြစ်နေပြီ။

"မသိန်း တောထဲသွားရင် ငါ့နာမည် မခေါ်နဲ့ နော်"

"အေးပါ ကျုပ် သိပါတယ် "

"မင်းက မေ့တတ်လို့ သတိပေးတာပါ "

လင်မယား နှစ်ယောက် စကားတပြောပြောနဲ့ လျှောက်လာခဲ့တာ အလင်းရောင် ရတဲ့ အချိန် တောစပ်ကို ရောက်လာခဲ့တယ်။

"ကိုထွန်း တောအစပ်လောက်မှာ ဘာမှ ရှိမှာ မဟုတ်ဘူး ရွာနဲ့ နီးတော့ အကုန် ကုန်သလောက် ဖြစ်နေပြီ ကျုပ်တို့ ဟိုဘက်တောကို သွားရင် ကောင်းမလား"

"သစ်ကျုတ်တောလား "

"ဟုတ်တယ်လေ အဲဒီဘက်ဆိုရင် သစ်ဝါးတွေ ပိုရနိုင်တယ် နည်းနည်း ဝေးတော့ ရွာကလူတွေလည်း မသွားဘူးလေ"

"မသိန်း ဖြစ်ပ့ါမလား တောက နက်တယ်နော် ငါလည်း တစ်ခါမှ မရောက်ဖူးဘူး"

"ယောကျ်ားဖြစ်ပြီး ကြောက်နေပြန်ပြီ ကျုပ်တို့ က ကုသိုလ်ရေးလုပ်ဖို့ သွားတာ နတ်ကောင်း နတ်မြတ်တွေက စောင့်ရှောက်မှာ ပေ့ါ မသိဘူး ကျုပ် အဲဒီတောကိုပဲ သွားမယ်"

"ဟူး မယ်မင်းကြီးမ သဘောပါဗျာ သွားစေသတည်း"

"တော် ကျုပ်ကို လာမစနဲ့ နော်"

"ဟား ဟား မစပါဘူး မယ်မင်းကြီးမရယ်"

လင်မယား နှစ်ယောက်ရဲ့ စနောက်တဲ့ အသံ၊ ရယ်မောတဲ့ အသံလေးတွေက တောစပ်တစ်လျှောက် လွင့်ပျံ့သွားခဲ့တယ်။